ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# ပထမတန်း
# မြန်မာဖတ်စာ



၂၀၁၇-၂၀၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

# ပထမတန်း
# မြန်မာဖတ်စာ


၂၀၁၇–၂၀၁၈

# မာတိကာ



| အခန်း | သင်ခန်းစာ | စာမျက်နှာ |
|---|---|---|
| ၁ | ရင်းရင်းနှီးနှီး မိတ်ဆက်ကြရအောင် | ၁ |
| ၂ | ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၁) | ၁၂ |
| ၃ | ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၂) | ၁၉ |
| ၄ | ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၃) | ၂၇ |
| ၅ | ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၄) | ၃၂ |
| ၆ | ဆိုမယ် ရေးမယ် ပုံပြောမယ် | ၄၁ |
| ၇ | သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၁) | ၄၈ |
| ၈ | သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၂) | ၆၆ |
| ၉ | သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၃) | ၈၈ |
| ၁၀ | ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမှာ (၁) | ၉၈ |
| ၁၁ | ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမှာ (၂) | ၁၁၄ |
| ၁၂ | စိတ်ဝင်စားဖွယ် ပုံပြောမယ်<br>ကဗျာကလေးလည်း နားထောင်ကွယ် | ၁၃၄ |
| | * ဝေါဟာရများ | ၁၄၆ |

# အခန်း ၁ ရင်းရင်းနှီးနှီး မိတ်ဆက်ကြရအောင်

## (က) စကားချိုချို ပြောရအောင်



ပုံထဲမှာ ဘာတွေမြင်ရသလဲ၊ ပြောကြည့်ကြရအောင်။


ကလေးတွေ ဘာဖြစ်နေကြပြီ ထင်သလဲ။


ဟိုမှာ
ငှက်ပျောခိုင် ထမ်းလာတဲ့
ဦးလေးကြီး လာပြီဟေ့
ကလေးတို့ ငှက်ပျောသီး
စားကြမလားကွဲ့
ကလေးတွေ ဘာလုပ်ကြမယ် ထင်သလဲ။


မောင်စ
အင်း စားမယ်
ငါ့ကို ငှက်ပျောသီးပေး


မောင်ဘ
ကျွန်တော်လည်း
စားချင်တယ်
ငှက်ပျောသီးပေး







ကလေးတွေရတဲ့ ငှက်ပျောသီးအရေအတွက်က ဘာကြောင့်မတူရတာလဲ။


ငှက်ပျောသီးအများဆုံးရတဲ့ကလေးက
သူငယ်ချင်းတွေကိုဘာလုပ်ပေးသလဲ။



စကားကို
အမြဲတမ်း ချိုချိုသာသာ
ပြောကြရမယ်


ကလေးတို့သာ
ဆိုရင်ဘယ်လို
ပြောကြမလဲ

## ယဉ်ယဉ်ကျေးကျေး ပြောကြပါစို့




ယဉ်ကျေးတာကို (✔)အမှန်ခြစ်လို့ မယဉ်ကျေးတာကို (✘)အမှားခြစ်မယ်။

| | | |
|---|---|---|
|  | တို့တွေ အတူတူ ကျောင်းသွားကြရအောင်။ | |
|  | ငါ့ကို စာအုပ်ပေးစမ်း။ | |
|  | ညီလေး စာကြိုးစားနော်။ | |

### ဘယ်လိုပြောကြမလဲ။

**သူငယ်ချင်းနဲ့အတူ ကစားချင်ရင်**

**မိဘတွေဆီက မုန့်လိုချင်ရင်**

**ဆရာမကို စာမေးချင်ရင်**


# (ခ) မင်္ဂလာပါ (ကဗျာ)




## မင်္ဂလာပါ

မောင်တို့မယ်တို့ ကျောင်းခန်းဝင်
အပြုံးပန်းကိုဆင်၊
မင်္ဂလာပါ ဆရာမ
ညီညီညာညာ နှုတ်ဆက်ကြ။


**ပျဉ်းမနားမောင်နီသင်း**






# (ဂ) အချင်းချင်း မိတ်ဆက်ကြရအောင်







## သူငယ်ချင်းတွေနဲ့ မိတ်ဆက်ကြရအောင်



ကလေးတို့မှာရှိတဲ့ ပစ္စည်းကလေးတွေကို ပြောကြည့်ကြရအောင်။



ကလေးတို့ ကြိုက်တဲ့ ကစားနည်းတွေကို ပြောကြည့်ကြရအောင်။



ကလေးတို့ ကြိုက်တဲ့ အစားအစာတွေကို ပြောကြည့်ကြရအောင်။

# (ဃ) မိသားစုနဲ့ မိတ်ဆက်စို့


ဆရာ့မိသားစုမှာ
ဆရာ့ဖေဖေ မေမေ
ဆရာ့ဇနီးနဲ့ သားသမီးတွေ
ရှိကြတယ်
ကဲ ကလေးတို့
မိသားစုမှာရောကွယ်
သားရဲ့
မိသားစုမှာတော့
ဘိုးဘိုး ဘွားဘွား
ဖေဖေ မေမေ
တို့ရှိကြပါတယ်









## ကလေးတို့ မိသားစုအကြောင်း ပြောကြစို့

| | |
|---|---|
|  | အချင်းချင်း ပြောကြည့်ရအောင်။ |
|  | အတန်းရှေ့ထွက်ပြီး ပြောကြမယ်။ |

**စကားကို ယဉ်ယဉ်ကျေးကျေး ပြောတတ်ကြပြီလား။**

# အခန်း ၂ ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၁)

## (က) ဖိုးစလုံး (ကဗျာ)




### ဖိုးစလုံး

စလုံး စလုံး ဖိုးစလုံး
စောစောစီးစီး စာဆိုတုန်း။
စာဆိုတုန်းမှာ ဗိုက်ကဆာ
ဆီဆမ်းစားဖို့ ထမင်းရှာ။
အောက်ဆင့်မှာလား
စင်ပေါ်လား။
ဆ ဆာ ဆာ့ ဆား။
စ စာ စာ့ စား။

**တက္ကသိုလ်မြတ်စိုး**







စ နှင့် ဆ အသံကို ခွဲခြား ဆိုကြည့်ကြရအောင်။ ပီပီသသ ရွတ်ဆိုနိုင်ရင် အကွက်ထဲမှာ (✔) အမှန်ခြစ်ကြမယ်။


| | | | | | |
|---|---|---|---|---|---|
| စ | | | | | |
| ဆ | | | | | |

# (ခ) ရေးခြစ်ကြရအောင်

(၁)




(၂)




(၃)



(၄)



(၅)



## ဝ လုံးလေးတွေ ရေးကြည့်ကြရအောင်

# (ဂ) ရုပ်ပုံကြည့်ကာရွတ်ဆိုစို့ ဗျည်းသံရုပ်ပုံရွေးချယ်စို့ (၁)



**က ကလေးငယ် ချစ်စဖွယ်။**







က



အမည် ကကြီး



က




---



**ခ ခရေကုံး မလေးပြုံး။**







ခ




အမည် ခခွေး



ခ



**ဂ ဂဏန်းသင် ပြုံးရွှင်ရွှင်။**




ဂ




အမည် ဂငယ်

ဂ ဂ




---

**င ငချိပ်ပေါင်း စားလို့ကောင်း။**




င




အမည် င


င င



## လေ့ကျင့်ကြရအောင်














**စ စခန်းသာ တောင်တန်းပြာ။**





 စ





 အမည် စလုံး

 စ






**ဆ ဆရာမ ရှိသေကြ။**







# ဆ



အမည် ဆလိမ်



ဆ ဆ







**ဇ ဇလပ်ဖြူ သင်းကြူကြူ။**







# ဇ



အမည် ဇကွဲ



ဇ ဇ






**ည ညနေခင်း ရေခပ်ဆင်း။**







# ည




အမည် ည





ည ည




## လေ့ကျင့်ကြရအောင်











# အခန်း ၃ ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၂)

## (က) တို့ကျောင်း (ကဗျာ)

### တို့ကျောင်း

ပန်းကလေးများ ပွင့်တော့မည်
ဖူးတံ ဝင့်လို့ချီ၊
နေခြည်မှာ ရွှေရည်လောင်း
ငါတို့ စာသင်ကျောင်း။

ပျဉ်းမနားမောင်နီသင်း



# (ခ) ရုပ်ပုံကြည့်ကာရွတ်ဆိုစို့ ဗျည်းသံရုပ်ပုံရွေးချယ်စို့ (၂)




**တ** တမာပင် ရွာအဝင်။








# တ



အမည် တဝမ်းပူ







တ

တ





---




**ထ** ထမင်းပွဲ လက်ဆုံနွှဲ။








# ထ



အမည် ထဆင်ထူး









ထ

ထ






**ဒ ဒရယ် ယုန် သားမျိုးစုံ။**







# ဒ






အမည် ဒထွေး



# ဒ

ဒ




---




**ဓ ဓနိတန်း ပင်လယ်ကမ်း။**







# ဓ






အမည် ဓအောက်ခြိုက်



# ဓ

ဓ






**န နဖူးပြင် နံ့သာတင်။**



# န




အမည် နငယ်



# န












## လေ့ကျင့်ကြရအောင်















**ပ ပလွေမှုတ် ကိုဖိုးတုတ်။**







# ပ



အမည် ပစောက်



ပ

ပ




---




**ဖ ဖရုံယို အလွန်ချို။**







# ဖ







အမည် ဖဦးထုပ်




ဖ

ဖ



**ဗ ဗလကြီး ဆင်ပြောင်စီး။**




ဗ

အမည် ဗထက်မြိုက်




ဗ ဗ





**ဘ ဘဘိုးအို ဆီးလို့ကြို။**





ဘ

အမည် ဘကုန်း




ဘ ဘ







**မ မမလေး ဝလုံးရေး။**



မ



အမည် မ



မ

မ











## လေ့ကျင့်ကြရအောင်











# (ဂ) တစ် နှစ် စာကိုချစ်



၁ ၂

တစ် နှစ်၊ စာကို ချစ်။

၃ ၄

သုံး လေး၊ မသိတာ မေး။

၅ ၆

ငါး ခြောက်၊ နှစ်ချင်းပေါက်။

၇ ၈

ခုနစ် ရှစ်၊ တပည့် ချစ်။

၉ ၁၀

ကိုး တစ်ဆယ်၊ ကြိုးစားမယ်။

**တင်မိုး**

# အခန်း ၄ ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၃)

## (က) တောင်တောရယ်သာ (ကဗျာ)




**တောင်တောရယ်သာ**

တောင်တောရယ်သာ
မာလာက ငုံဖူး။
တစ်ပင်ကို နှစ်ပင်ယှက်တယ်
ကျေးငှက်က မြူး။

**အမည်မသိ ရေးစာဆို**

## (ခ) ရုပ်ပုံကြည့်ကာ ရွတ်ဆိုစို့ ဗျည်းသံရုပ်ပုံ ရွေးချယ်စို့(၃)

**ယ ယမင်းခင် ကကြိုးဆင်။**

ယ

အမည် ယပက်လက်

ယ ယ










**ရ ရထားကြီး ပျော်ပျော်စီး။**

ရ

အမည် ရကောက်

ရ ရ









**လ လဝါဝါ ထိန်ထိန်သာ။**

# လ


အမည် လ

လ










---

**ဝ ဝတုတ်တုတ် ဖိုးဝရုပ်။**

# ဝ

အမည် ဝ

ဝ









**သ သပြေညို အောင်ပွဲကြို။**




# သ

အမည် သ





သ သ




---


**ဟ ဟ ဟာ ဟ ရယ်လိုက်ရ။**

(ရယ်ကို ရီဟု အသံထွက်ပါ။)




# ဟ

အမည် ဟ





ဟ ဟ






အ အမိမြေ တို့တိုင်းပြည်
ငါတို့ ချစ်တဲ့မြေ။







# အ



အမည် အ




အ အ




## လေ့ကျင့်ကြရအောင်








# အခန်း ၅ ဗျည်းကဗျာလင်္ကာများ ရွတ်ဖတ်ရေးစို့လား (၄)

## (က) အပျော်မီးရထား (ကဗျာ)




### အပျော်မီးရထား

မီးရထားကြီး တဂျုတ်ဂျုတ်
သွားတော့ တလှုပ်လှုပ်။
ရှေ့တိုးနောက်ဆုတ် လမ်းပြောင်းယူ
ရှန်တိန် လုပ်နည်းတူ။
နောက်ကလိုက်သူ ရထားထိန်း
လှုပ်ပြ အလံစိမ်း။
ဘယ်ညာယိမ်းတဲ့ ခေါင်းတွဲဟာ
အင်ဂျင် မဟုတ်ပါ။
ဝိုင်းစက်မျက်နှာ ကိုယ်မှာလုံး
အစ်ကို အကြီးဆုံး။
ဂျုန်းဂျုန်းဂျက်ဂျက် အော်ကာကွယ်
ညီလေး ညီမငယ်။
တွဲများသဖွယ် ချိတ်ကာသွား
အပျော် မီးရထား။

ဇဝန



# (ခ) အသုံးနည်းသောဗျည်းများ သင်ကြားကြစို့လား





ဃ ဃကြီး ဃ ဃ

ဈ ဈမျဉ်းဆွဲ ဈ ဈ

ဋ ဋသန်လျင်းချိတ် ဋ ဋ

ဌ ဌဝမ်းဘဲ ဌ ဌ



ဆိုကြည့်ကြစို့ ရေးကြစို့

ဍ ဍရင်ကောက် ဍ ဍ

ဎ ဎရေမှုတ် ဎ ဎ


ဏ ဏကြီး ဏ ဏ

ဠ ဠကြီး ဠ ဠ

# (ဂ) အသံမှန်မှန် ရွတ်ဆိုရန်

 ဗျည်းအသံလေးတွေ ရွတ်ဆိုကြရအောင်။

| | | | | |
|---|---|---|---|---|
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |
| ယ | ရ | လ | ဝ | သ |
| | ဟ | ဠ | အ | |



ဗျည်းအမည်လေးတွေ ပြောကြရအောင်။

| | | | | |
|---|---|---|---|---|
| က<br>(ကကြီး) | ခ<br>(ခခွေး) | ဂ<br>(ဂငယ်) | ဃ<br>(ဃကြီး) | င<br>(င) |
| စ<br>(စလုံး) | ဆ<br>(ဆလိမ်) | ဇ<br>(ဇကွဲ) | ဈ<br>(ဈမျဉ်းဆွဲ) | ည<br>(ည) |
| ဋ<br>(ဋသန်လျင်းချိတ်) | ဌ<br>(ဌဝမ်းဘဲ) | ဍ<br>(ဍရင်ကောက်) | ဎ<br>(ဎရေမှုတ်) | ဏ<br>(ဏကြီး) |
| တ<br>(တဝမ်းပူ) | ထ<br>(ထဆင်ထူး) | ဒ<br>(ဒထွေး) | ဓ<br>(ဓအောက်ခြိုက်) | န<br>(နငယ်) |
| ပ<br>(ပစောက်) | ဖ<br>(ဖဦးထုပ်) | ဗ<br>(ဗထက်ခြိုက်) | ဘ<br>(ဘကုန်း) | မ<br>(မ) |
| ယ<br>(ယပက်လက်) | ရ<br>(ရကောက်) | လ<br>(လ) | ဝ<br>(ဝ) | သ<br>(သ) |
| | ဟ<br>(ဟ) | ဠ<br>(ဠကြီး) | အ<br>(အ) | |





အဖတ်အရွတ် လေ့ကျင့်ကြရအောင်။




ဒီဇယားမှာ ရှေ့ဆုံးက ဗျည်းကို က လို့ အသံထွက်တယ် နာမည်က ကကြီးလို့ ခေါ်တယ် တခြားဗျည်းတွေကိုလည်း ဖတ်ကြည့်ကြရအောင်

| | |
|---|---|
| က | ယ |
| တ | ယ |
| ခ | ဖ |
| ဂ | င |
| ဓ | စ |
| ဘ | ဟ |
| မ | ပ |


| | |
|---|---|
| က | ခ |
| တ | ထ |
| စ | ဆ |
| ပ | ဖ |
| င | ဂ |
| တ | သ |
| ယ | ရ |


| | | |
|---|---|---|
| ခ | ဂ | က |
| ထ | ဒ | တ |
| ဆ | ဓ | စ |
| ဖ | ဗ | ပ |
| င | ည | န |
| လ | ယ | ရ |
| ဈ | စ | ဆ |



# (ဃ) ဗျည်းကလေးတွေကို ကြည့်ကာရယ် သိမှတ်ဖို့ကို လေ့ကျင့်မယ်

က မှ အ အထိ အောက်ပါဗျည်းများကို ပြည့်စုံအောင်ဖြည့်ပါ။





တူတဲ့ဗျည်းတွေကို ရွေးကြရအောင်။

| | | | | |
|---|---|---|---|---|
| က | ဝ | ထ | က | င |
| ဂ | ထ | ဂ | စ | ဓ |
| ခ | က | ဃ | ည | ခ |
| ည | ဂ | က | ည | ဋ |
| တ | ဈ | တ | ခ | ဃ |
| ဃ | ဃ | ခ | ဂ | င |
| င | ဆ | င | စ | ဓ |
| ဈ | က | ဓ | ဈ | ည |
| ထ | ည | ပ | က | ထ |
| ပ | ဋ | ဍ | ပ | ထ |
| ဓ | ဎ | ဓ | ဏ | စ |



ရုပ်ပုံကြည့်ပြီး ချစ်စရာတိရစ္ဆာန်ကလေးတွေနဲ့ မိတ်ဖွဲ့ကြရအောင်




တိရစ္ဆာန်ကလေးတွေအမည်မှာပါတဲ့ ဗျည်းတွေကို ပြောပြနိုင်မလား။

# အခန်း ၆ ဆိုမယ် ရေးမယ် ပုံပြောမယ်

## (က) မမ ဝဝ (ကဗျာ)

**မမ ဝဝ**

မမ ဝဝ
ထထ က
အက ပထမ။
ကပါ ကပါ
မမရာ
ညည လသာသာ။
ညအခါ
ငါတာရ။
မမ ဝဝ
ထထ က။

**တင်မိုး**



## (ခ) အရေးအဖတ် လေ့ကျင့်ကြရအောင်



ဆိုကြည့်ကြစို့ ရေးကြည့်ကြစို့

မ  မမ  မမဝ



ည  ညည  ညညက



ဘ  ဘဘ  ဘဘထ






ဆိုကြည့်ကြစို့ ရေးကြည့်ကြစို့

က

အက



ဘ


အဘ



ဝ

အဝ





ဆိုကြည့်ကြစို့ ရေးကြည့်ကြစို့


ဗလ




ပထမ





မထရ



## (ဃ) ကြက်ကလေး (ပုံပြင်)





## မေးခွန်း

၁။ ကြက်မိသားစု
အစာရှာနေတုန်း
ဘယ်သူ့ကို တွေ့သလဲ။

၂။ ကြက်အမေကြီးက
ကြက်ကလေးတွေကို
ဘာပြောမယ်ထင်သလဲ။


၃။ ကြက်ကလေး
တစ်ကောင်က
ကြက်အမေကြီးကို
ဘာပြန်ပြောလဲ။

၄။ ကြောင်ကြီး ဘာဖြစ်လို့
လန့်သွားတာလဲ။


ရုပ်ပုံကလေးတွေကို
ကြည့်ပြီး
ပြောနိုင်
ကြတယ်
မဟုတ်လား



# အခန်း ၇ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့တွဲကြမှာ (၁)



–ာ ၊ ေ– ၊ –ိ ၊ –ီ


လုံးကြီးတင်မှာ မျက်ဆန်ခတ်
လုံးကြီးတင်ဆန်ခတ်။
–ီ
ရေအိုးကလေး ရွက်လာရင်
အဲဒါ လုံးကြီးတင်။
–ိ
တင်မိုး

# (ခ) အ အာ အား သရများ သင်ကြားကြစို့လား



| | | |
|---|---|---|
| အ | အာ | အား |
| – | –ာ | –ား |
| – | –ါ | –ါး |



| | | | | | |
|---|---|---|---|---|---|
| က | ကာ | ကား | ခ | ခါ | ခါး |
| စ | စာ | စား | ဂ | ဂါ | ဂါး |
| ဆ | ဆာ | ဆား | င | ငါ | ငါး |
| ထ | ထာ | ထား | ဒ | ဒါ | ဒါး |
| န | နာ | နား | ပ | ပါ | ပါး |
| ရ | ရာ | ရား | ဝ | ဝါ | ဝါး |

ခ၊ ဂ၊ င နဲ့ ဒ၊ ပ၊ ဝ ခြောက်လုံးကို မောက်ချ၊
ကျန်ကျန်သမျှ ဗျည်းအက္ခရာ ဝိုက်ချ ရေးကြပါ။



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

လ လာ လား

ဝ ဝါ ဝါး




ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။




ဆရာမ



စပါး



ဝါး



ငါး



ကစားစရာ



ဖလား



ရထား



ပဝါ



နဂါး



ကစား



အစားအစာ



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။


ညအခါ

လသာသာ

ကစားမလား

နားမလား။





အစားအစာ

ဝါးစားပါ

အသား ပါသလား

ငါးပါသလား။

ကစားစရာ

ကစားပါ

အားထားစရာ

သားသား လာ။





တာရ သလား

ခဏ လာပါ


ဆရာမ အနား

လာသာ လာပါ။




ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ယှဉ်တွဲ ရေးကြည့်မယ်။

| | | | | | |
|---|---|---|---|---|---|
| လာ | ဝါး | က | ကား | လ | ငါး |



သံတူမျဉ်းသား ရွေးပါလား။

| | |
|---|---|
| – ာ ၊ – ါ | ဆရာ လာပါ။ |
| – ား ၊ – ါး | အသား ဝါးစားပါ။ |
| – ာ ၊ – ါ | ဝါဝါ စာရသလား။ |
| – ာ ၊ – ါ | ရထား မလာပါ။ |
| – ား ၊ – ါး | အားရပါးရ စားပါ။ |

## (ဂ) အသုံးများတဲ့ အထူးအက္ခရာများ သင်ကြားကြစို့လား

**၏၊ ဤ၊ ၍၊ ၌**





ပုံကလေးတွေကို ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။












စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။

ဤဆရာ လာသလား။

အားရပါးရ စား၏။

ဘဘ တရားနာ၏။

ကားအနား၌ မကစားရ။

နားနာ၍ သနားစရာ။

ဤရထား မလာပါ။

ညအခါ၌ လသာ၏။



# (ဃ) အိ အီ အီး သရများ သင်ကြားကြစို့လား



| | | |
|---|---|---|
| အိ | အီ | အီး |
| ိ | ီ | ီး |
| ဣ | ဤ | |
| ၏ | သည် | |



| | | | | | |
|---|---|---|---|---|---|
| စိ | စီ | စီး | ပိ | ပီ | ပီး |
| ဆိ | ဆီ | ဆီး | မိ | မီ | မီး |
| ညိ | ညီ | ညီး | စည့် | စည် | စည်း |
| တိ | တီ | တီး | မည့် | မည် | မည်း |
| နိ | နီ | နီး | သည့် | သည် | သည်း |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ပိ ပီ ပီး


ထိ ထီ ထီး



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆိုရေးကြည့်မယ်။



နာရီ



ထီး




ဖားစည်




ဆီးသီး



ဆီမီး



မီးနီ



မိဘ

သတိ ညီညီစီ သမီး သား ပီပီသသ

ညီမ မထိရ ခရီး ထိမိ အနီအဝါ



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



ညီညီ ညာညာ

အနီးလာ

ဆရာ မိဘ

သတိရ။

ဆီမီး ဝါဝါ

ညီညီ စီထားသည်။

အနီးအနား

သမီး သား လာပါ။





အရီး လာသည်။

ဆီးသီး ပါသလား။

အဆီ မစား။

အသီး စားပါ။

ဤခရီး နီးသလား။

ငါးနာရီ လာရ၏။

မီးရထား စီးလာပါ။

အလကား မစီးရ။






ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ယှဉ်တွဲ ကြည့်ကြမယ်။

ညီမလေး



ဆီးသီး



ဂီတာ




မိဘ



ထီး








သံတူမျဉ်းသား ရွေးပါလား။

| | |
|---|---|
| –ိ | သတိရသည်။ |
| –ီ | အသား နီသည်။ |
| –ီး | အသီး စားပါ။ |
| ဤ | ဤလူ ဝသည်။ |
| –ီး | မီး မကစားရ။ |

## (င) ပြေးပွဲ ပြိုင်ပွဲ (ကဗျာ)



ခြေထောက်တစ်ဖက်
ထောက်လို့ရပ်
တစ်ချောင်းငင်လို့ မှတ်။

**L**

နှစ်ဖက်ရပ်တော့
နှစ်ချောင်းငင်
ပြေးပွဲ ပြိုင်ပွဲ ဝင်။

**IL**

ပြေးရင်းပင်
နောက်ပြန်လဲ
နောက်ပစ် ကလေးပဲ။
ခဏ ခဏ လဲ။

****

တင်မိုး

L | IL | \\

# (စ) အု အူ အူး သရများ သင်ကြားကြစို့လား



| | | |
|---|---|---|
| အု | အူ | အူး |
| ု | ူ | ူး |
| ဥ | ဦ | ဦး |



| | | | | | |
|---|---|---|---|---|---|
| ကု | ကူ | ကူး | ထု | ထူ | ထူး |
| ခု | ခူ | ခူး | ပု | ပူ | ပူး |
| စု | စူ | စူး | မု | မူ | မူး |
| ဆု | ဆူ | ဆူး | လု | လူ | လူး |
| တု | တူ | တူး | ဟု | ဟူ | ဟူး |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။


တု တူ တူး

ပု ပူ ပူး

## ၇။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၁)



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆိုရေးကြည့်မယ်။

| | | |
|---|---|---|
|  |  |  |
| ငုဝါ | တူ | ဘူးသီး |
|  |  |  |
| အာလူး | စာဥ | မီးပူ |
|  |  |  |
| ပု | ပူး | မိသားစု |

တူထု စာကူး အတူတူ ဦးဦး ဘုရားဖူး

ဆုယူ အနားယူ တူရိယာ အမှုအရာ

# ၇။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၁)



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။

သူ ပညာ ထူး၏။

ပထမဆု ရသည်။

ဆု ယူလာသည်။

အတု ယူစရာ။





ရာသီဥတု ပူသည်။

ထီး ယူလာသလား။

ဦးဦး လာ၏။

အနားယူပါ။

ဤမိသားစု

ဘုရားဖူး လာ၏။

လူစုလာသည်။

ဦးသာထူး ပါသလား။





စားစရာ လာယူပါ။

ညီညီညာညာ လာပါ။


လုမယူရ။

အတူတူ စားပါ။




ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ယှဉ်တွဲရေးကြည့်မယ်။

| | | | |
|---|---|---|---|
| စုဘူး | တူ | ဥ | အာလူး |
| ခူ | ငုဝါ | ရေကူး | |








# အခန္း ၈ သရလကၡဏာ သိမွတ္စရာ ဗ်ည္းနဲ႔တြဲၾကမွာ (၂)

## (က) ဖိုးသာထူး (ကဗ်ာ)






## ဖိုးသာထူး

ဖိုးသာထူး ဖိုးသာထူး
အလွန်ဝတဲ့ ဖိုးသာထူး။
ဖိုးသာထူးက ဝမ်းပူပူ
ဖိုးဝကြီးနဲ့တူ။
တူပါသကွဲ့ မယုံငြား
သည်မှာ ကြည့်ပါလား။

**မောင်ဖြူး**



# (ခ) အေ အေ့ အေး သရများ သင်ကြားကြစို့လား



| | | |
|---|---|---|
| အေ | အေ့ | အေး |
| ေ – | ေ –့ | ေ – း |
| ဧ | ၏ | |



| | | | | | |
|---|---|---|---|---|---|
| ကေ | ကေ့ | ကေး | ဖေ | ဖေ့ | ဖေး |
| ငေ | ငေ့ | ငေး | မေ | မေ့ | မေး |
| တေ | တေ့ | တေး | ရေ | ရေ့ | ရေး |
| နေ | နေ့ | နေး | လေ | လေ့ | လေး |
| ပေ | ပေ့ | ပေး | ဝေ | ဝေ့ | ဝေး |




စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

နေ နေ့ နေး

တေ တေ့ တေး


# ၈။ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၂)




ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။



ရေဘူး



ဖေဖေ မေမေ



နေ့အခါ




ညီလေး



ဈေး



ဆေးဆရာ



နေ



ခရေ



ပေးစာ



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



သားကလေး တီတာတာ
မေမေ့ အနားလာ။
ဖေဖေ မေမေ သူ့စကား
တူတူရေ ဝါး။

စာအရေးအသား
အလေးထားပါ။
ငေးမနေရ။
အားပေး ကူညီပါ။





ယနေ့ နေသာ၏။
လေမလာ၍ ပူသည်။
ခရီးဝေးက လာရသည်။
ရေအေးအေး ပေးပါ။

ဖေဖေ မေမေ
မာပါစေ။
မေမေ့ စကား
အရေးထား။
ဖေဖေ့ စကား
သား လေးစား။




ရုပ်ပုံကလေးတွေ ကြည့်ကာရယ် စကားလုံးအမှန်ကို ရွေးကြမယ်။

ရေဘူး ရေ့ဘူး ရေးဘူး



ခရေ ခရေ့ ခရေး



အမေ အမေ့ အမေး



စေးဝါး ဆေးဝါး ဈေးဝါး



ညီလေ ညီလေ့ ညီလေး



သံတူမျဉ်းသား ရွေးပါလား။

| | |
| --- | --- |
| ေ – | ဖေဖေ လာၿပီ။ |
| ေ –့ | သူ မေ့နေသည်။ |
| ေ –း | ဖေးမကူညီပါ။ |
| ဇ | ဇရာဝတီ |

# (ဂ) အဲ အဲ့ အယ် သရများ သင်ကြားကြစို့လား



| | | |
|---|---|---|
| အဲ | အဲ့ | အယ် |
| –ဲ | –ဲ့ | –ယ် |
| | – ယ့် | |




| | | | | | |
|---|---|---|---|---|---|
| ကဲ | ကဲ့ | ကယ် | ပဲ | ပဲ့ | ပယ် |
| ခဲ | ခဲ့ | ခယ် | ဖဲ | ဖဲ့ | ဖယ် |
| ငဲ | ငဲ့ | ငယ် | ဘဲ | ဘဲ့ | ဘယ် |
| ဆဲ | ဆဲ့ | ဆယ် | မဲ | မဲ့ | မယ် |
| နဲ | နဲ့ | နယ် | ရဲ | ရဲ့ | ရယ် |
| | | | လဲ | လဲ့ | လယ် |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ရဲ ရဲ့ ရယ်

ဘဲ ဘဲ့ ဘယ်



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။



ဖရဲသီး



ရဲသား




လယ်တဲ



လူငယ်




ဒရယ်




လယ်သမား



ရေခဲ



ရေဘဝဲ



ဘဲကလေး



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။

ဘယ်က လာသလဲ။
ဘယ်နယ်က လဲ။
အလယ်က လူ
စကားဝဲ၏။






ကလေးငယ်ငယ်
ဘာစားခဲ့သလဲ။
အမဲသားငါး စားရဲ့လား။
ကုလားပဲ စားပါ။

သူသည် နုနယ်၏။
လဲနေသူ ထူပေးပါ။
အားငယ်သူ အားပေးပါ။
အတူတူ သယ်ယူပါ။









လယ်သမား လူငယ်
စပါးနယ်နေသည်။
မမ စပါးသယ်၏။
မေမေ စားစရာ ဝယ်လာသည်။
ဖရဲသီး ပါသလား။



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် စကားလုံးအမှန်ကို ရွေးကြမယ်။

| | | | |
|---|---|---|---|
| ရဲရဲနီ | ရယ်ရယ်နီ | ရယ့်ရယ့်နီ |  |
| လယ်တဲ့ | လယ်တယ် | လယ်တဲ |  |
| ဘဲ့ကလေး | ဘဲကလေး | ဘယ်ကလေး |  |
| လယ်ယာ | လဲယာ | လဲ့ယာ |  |
| ဒရဲ့ | ဒရယ် | ဒရဲ |  |



သံတူမျဉ်းသား ရွေးပါလား။


| | |
|---|---|
| –ဲ | ဘဲကလေး ရေကူးနေတယ်။ |
| –ဲ့ | လယ်တဲနဲ့ မဝေးပါ။ |
| –ယ် | ဒရယ်လည်း ပါသလား။ |
| –ယ့် | တကယ့်လူ ပါပဲ။ |

## (ဃ) သူငယ်ချင်း သုံးယောက် (ပုံပြင်)



ယုန်ရယ်၊ ရှဉ့်ရယ်၊ မျောက်ရယ်
သူငယ်ချင်းသုံးယောက် အစာရှာထွက်ကြတယ်။
သစ်သီးသစ်ပင်ပေါင်းစုံရှိတဲ့
တောထဲကို ရောက်သွားကြတယ်။
အဲဒီမှာ မြက်ခင်းစိမ်းစိမ်းကြီးလည်း ရှိတယ်။






ရှဉ့်ကလေးကတော့
သစ်သီးကလေးတွေရှာတွေ့တယ်။
မျောက်ကလေးကလည်း
ငှက်ပျောခိုင်ကြီးတွေ ရှိနေတော့
အဆင်ပြေနေတာပေါ့ . . . ။




ယုန်ကလေးစားဖို့
မြက်ပင်ကလေးတွေပဲ ရှိနေတယ်။
ဒါကြောင့် ဆက်ပြီး ရှာကြတယ်။


သူငယ်ချင်း သုံးယောက်
သစ်တောကြီးကို ဖြတ်သွားလိုက်တဲ့အခါ
မုန်လာဥတွေကို တွေ့လိုက်ကြတယ်။




## မေးခွန်း

၁။ ရုပ်ပုံထဲမှာ ဘာတွေတွေ့သလဲ။

၂။ ယုန်ကလေးအတွက် စားစရာရအောင် ရှဉ့်ကလေးနဲ့ မျောက်ကလေး ဘာလုပ်ကြသလဲ။

၃။ ယုန်ကလေးအတွက် မုန်လာဥတွေကို တွေ့တော့ ရှဉ့်ကလေးနဲ့ မျောက်ကလေး ဘယ်လို ဖြစ်သွားကြသလဲ။

၄။ သားတို့ သမီးတို့သာဆိုရင် ဒီရုပ်ပုံထဲက ဘယ်အကောင်ကလေး ဖြစ်ချင်သလဲ။

ကလေးတို့ရော သူငယ်ချင်းတွေကို ရှဉ့်ကလေးနဲ့ မျောက်ကလေးလို အကူအညီ ပေးဖူးသလား



# (င) အော အော့ အော် သရများ သင်ကြားကြစို့လား



| | | |
|---|---|---|
| အော | အော့ | အော် |
| ော | ော့ | ော် |
| ဩ | | ဪ |



| | | | | | |
|---|---|---|---|---|---|
| ကော | ကော့ | ကော် | ပေါ | ပေါ့ | ပေါ် |
| ခေါ | ခေါ့ | ခေါ် | ဖော | ဖော့ | ဖော် |
| ဇော | ဇော့ | ဇော် | ဘော | ဘော့ | ဘော် |
| တော | တော့ | တော် | မော | မော့ | မော် |
| ဒေါ | ဒေါ့ | ဒေါ် | ရော | ရော့ | ရော် |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

မော မော့ မော်


ကော ကော့ ကော်



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆိုရေးကြည့်မယ်။




ရဲဘော်



မော်တော်ကား



သော့




ကော်ဇော



သြဇာသီး




တယော



ဘောလုံး



ကော်ဖီ



ဖော့ဘူး

| | | | | |
|---|---|---|---|---|
| ကော်ဘူး | လူတော် | ဥသြ | ဆော့ကစား | စားတော်ပဲ |
| ဆော်သြ | တရားဟော | ပေါ့ပါး | မော့ထား | လယ်တော |



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



ဆီမီး ပူဇော်ပါ။
ဆရာတော် တရားဟော၏။
ဒေါသ မထားရ။
သာဓု ခေါ်ပါ။

ဇာနည် ရဲဘော်
လူတော် လူမော်
အဖော်ရ၏။
တော်ပါပေသည်။





ဇော်က ကနေသည်။
ခါးကော့ ထားပါ။
ရယ်ရယ်မောမော
ပေါ့ပေါ့ပါးပါး
တော်တော် မောသလား။

ဒေါ်ဒေါ် ဘယ်က လာသလဲ။
စောစော လာသလား။
အဖော် ခေါ်လာသည်။
ဩဇာသီး ပါ၏။



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် စကားလုံးအမှန်ကို ရွေးကြမယ်။

ဩဇာသီး အော်ဇာသီး အောဇာသီး



သော့် သော် သော့




ဆော့်ကစား ဆော့ကစား ဆောကစား



ကော်ဖီ ကော့ဖီ ကောဖီ



ဘောလုံး ဘော်လုံး ဘော့လုံး




သံတူမျိုးသား ရွေးပါလား။

| | |
|---|---|
| ော | လယ်တောက လာသည်။ |
| ော့ | ကနုဖော့ ပါသလား။ |
| ော် | ဇော်ဇော်နဲ့ ကစားမယ်။ |
| ဩ | ဩဇာသီး ဝယ်လာသလား။ |
| ဪ | ဪ တကယ်လား။ |

# အခန်း ၉ သရလက္ခဏာ သိမှတ်စရာ ဗျည်းနဲ့ တွဲကြမှာ (၃)

## (က) စံပယ်ပွင့်ကလေးများ (ကဗျာ)



ဆိုကြည့်ကြရအောင်



## စံပယ်ပွင့်ကလေးများ

စံပယ်ပွင့်ကလေး ခေါင်းပေါ်တင်
အဲဒါသေးသေးတင်။ —ံ

စံပယ်နှစ်ပွင့် ရှေ့မှာရောက်
ဝစ္စနှစ်လုံးပေါက်။ —း


အောက်နားဆီက တစ်ပွင့်ဟာ
အောက်ကမြစ် ကလေးပါ။ —့

သေသေချာချာ မှတ်လို့ထား
မောင်ညီမလေးများ။

**တင်မိုး**



# (ခ) အန် အန့် အန်း သရများ သင်ကြားကြစို့လား



| | | | | | |
|---|---|---|---|---|---|
| | | အံ | အံ့ | | |
| | | –ံ | –ံ့ | | |
| အန် | အန့် | အန်း | အမ် | အမ့် | အမ်း |
| –န် | –န့် | –န်း | –မ် | –မ့် | –မ်း |



| | | | | | |
|---|---|---|---|---|---|
| ငံ | ငံ့ | | နန် | နန့် | နန်း |
| ညံ | ညံ့ | | ပန် | ပန့် | ပန်း |
| ကန် | ကန့် | ကန်း | ကမ် | ကမ့် | ကမ်း |
| ခန် | ခန့် | ခန်း | ခမ် | ခမ့် | ခမ်း |
| ငန် | ငန့် | ငန်း | လမ် | လမ့် | လမ်း |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ငန် ငန့် ငန်း

ကမ် ကမ့် ကမ်း



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆိုရေးကြည့်မယ်။



ရေကန်



ခဲတံ




အသံ



ကံ့ကော်ပန်း




လမ်း



အလံ



ငန်း




ငါးမန်း



ပန်ကာ

| | | | | |
|---|---|---|---|---|
| တူသံ | ပန်းကန် | ရေနံ | ထန်းသီး | သန့်သန့်မာမာ |
| ဆူညံ | ဝါးထရံ | ဆေးတံ | ခရမ်းသီး | အံ့သြ |



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



ဘယ်အတန်းကလဲ။

ပထမတန်းကပါ။

ခဲတံ ပါသလား။

အခန်းထဲက ယူခဲ့ပါ။

ဦးလေး ဘာထမ်း လာသလဲ။

ဘူးသီး ခရမ်းသီး ပါ၏။

တောလမ်းက လာခဲ့သည်။

မမောပန်းပါ။






ငါး မဖမ်းရ။

ပန်း မခူးရ။

ရေကန်အနီး မဆော့ရ။


စည်းကမ်း လေးစားပါ။

အလံတော် တလူလူ။

တေးသံ သာယာ၏။

စီတန်း၍ လာနေသည်။

အခမ်းအနား စတော့မည်။





သံတူအမှန်ဖြည့်ကြမယ်။



၁။ – မ် ၊ – န်    ရေ (က)____ နားမသွားရ။



၂။ – န်း ၊ – မ်း    စံပယ် (ပ) ____ ပန်လာပါ။



၃။ – န်း ၊ – မ်း    ကား(လ)____ပေါ် မကစားရ။



၄။ –ံ၊ –န်၊ –မ်    တူနဲ့ (သ) ____ ယူခဲ့ပါ။



၅။ –ံ့ ၊ –န့် ၊ –မ့်  မမ (နှ)____ သာ လူးနေတယ်။

# (ဂ) အို အို့ အိုး သရများ သင်ကြားကြစို့လား



| | | |
|---|---|---|
| အို | အို့ | အိုး |
| ◌ို | ◌ို့ | ◌ိုး |
| ◌ိုယ် | ◌ိုယ့် | |




| | | | | | |
|---|---|---|---|---|---|
| ကို | ကို့ | ကိုး | ဖို | ဖို့ | ဖိုး |
| ခို | ခို့ | ခိုး | မို | မို့ | မိုး |
| စို | စို့ | စိုး | သို | သို့ | သိုး |
| တို | တို့ | တိုး | ကိုယ် | ကိုယ့် | |
| ထို | ထို့ | ထိုး | | | |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

တို တို့ တိုး

ယို ယို့ ယိုး



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆို ရေးကြည့်မယ်။



ခို



အိုးစည်



စာပို့



သိုး



မုဆိုး



နို့ဆီဘူး



မိုး



ဘိုးဘိုး



အိုး


| | | | | |
|---|---|---|---|---|
| မိုးခို | မီးဖို | ဆီးယို | ကိုယ်ကာယ | ပုဆိုး |
| ရိုသေ | ရိုးသား | ထမနဲထိုး | အားကိုး | နို့စို့ကလေး |



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။




လူကလေး နိုးလာသည်။
ကလေးကို မလန့်စေရ။
ငို မနေစေရ။
ရဲဖို့ လိုပါသည်။




ဆရာမ အတန်းထဲသို့ လာသည်။
ရှိရှိသေသေ နေပါ။
စာ တိုးတိုး အံပါ။
ကိုယ့်ကိုယ်ကိုယ် အားကိုးပါ။



မိဘဆရာ ရိုသေပါ။
ရိုးရိုးသားသား နေပါ။
သာသာယာယာ စကားဆိုပါ။
အဘိုးအိုကို ကန်တော့ပါ။



မိုးလရာသီ
အဘိုးတို့ လယ်တဲ
တဲကလေး မိုးယို နေသလား။
ကူညီ၍ မိုးပေးပါ။



သံတူအမှန်ဖြည့်ကြမယ်။

၁။ | ◌ုး | ဒီ _____ က အိုနေတယ်။



၂။ | ◌ု | ဆရာ _____ ရှိသေပါ။



၃။ | ◌ု့ | ဈေးက _____ ဆီ ဝယ်လာပါ။



၄။ | ◌ုး | အ _____ အနားယူနေတယ်။



၅။ | ◌ုယ် | မိမိ _____ သာအားကိုးပါ။



၆။ | ◌ု | ဒီခဲတံက _____ တယ်။




# အခန်း ၁၀ ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမှာ (၁)

## (က) သပြေသီးကောက် (ကဗျာ)



ဆိုကြည့်ကြရအောင်





## သပြေသီးကောက်


ဝါဆိုဝါခေါင် ရေတွေကြီးလို့
သပြေသီးမှည့် ကောက်စို့ကွယ်။
ခရာဆူးချုံ ဟိုအထဲက
မြှော့နက်မည်းကြီး တွယ်တတ်တယ်။
မြှော့နက်ဆိုတာ ချိုနဲ့လားကွဲ့
မြွေနဂါးတောင် ကြောက်ဘူးကွယ်။
တို့လည်းကြောက်ပေါင် အတူသွားစို့
အုန်းလက်နွားလေး ထားခဲ့မယ်။
သွားကွယ် သွားကွယ်။

**မင်းသုဝဏ်**

ချို ကို ဂျို ဟု အသံထွက်ပါ။

# (ခ) ယပင့် ရရစ် ဗျည်းတွဲများ သင်ကြားကြစို့လား







| | | | | | |
|---|---|---|---|---|---|
| ကျ | ကျာ | ကျား | ပြ | ပြာ | ပြား |
| ကျိ | ကျီ | ကျီး | ပြိ | ပြီ | ပြီး |
| ကျု | ကျူ | ကျူး | ပြု | ပြူ | ပြူး |
| ကျေ | ကျေ့ | ကျေး | ပြေ | ပြေ့ | ပြေး |
| ကျဲ | ကျဲ့ | ကျယ် | ပြဲ | ပြဲ့ | ပြယ် |
| ကျော | ကျော့ | ကျော် | ပြော | ပြော့ | ပြော် |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ဖ ြ ဖြား

ပ ျ ပျား



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆိုရေးကြည့်မယ်။




ကျား




ကြာဖူး



မြေပဲ




ကြယ်



ကြိုးကြာ



ဖျာ



မြေဖြူ




ဖျံ



ကျီးကန်း

| | | | | |
|---|---|---|---|---|
| ကျေးဇူး | ပျံသန်း | ပြီးစီး | ဖြေကြား | ချီးကျူး |
| စပါးကျီ | မြို့တော် | များပြား | ကြံစည် | ကြိုးစား |




စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။

ဆရာမ စာပြမည်။

မြေဖြူ ယူလာသည်။

မိမိနေရာ နေကြပါ။

စကားကျယ်ကျယ် မပြောရ။





နေကျဲကျဲ ပူသည်။

နေပူထဲ မပြေးရ။

အဖျားရောဂါ ရမည်။

နေအေးသောအခါ ပြေးကစားပါ။


ပျားရည် ချိုသည်။

အစာကြေပါသည်။

ငါးကြီးဆီ စားပါ။

ကျန်းမာဝဖြိုးလာမည်။





ကျားကြီး ခြေရာကြီး

မေးဖန်များ စကားရ


ပျော်ပျော်နေ သေခဲ

ကျီစားသန်က ရန်များ၏။



ယပင့်၊ ရရစ် အသုံးအမှန်ကို မျဉ်းသားကြရအောင်။

၁။ တောထဲ၌ (ကျား / ကြား) နေ၏။



၂။ ခြံထဲ၌ (ကြံ / ကျံ) ပင်များပေါသည်။




၃။ ကြံသကာ (ချို / ခြို) သည်။



၄။ ယနေ့ (ကြီး / ကျီး) သာ၍ ဧည့်လာမည်။



၅။ ရေထဲ၌ (ကြာ / ကျာ) ပန်းများ ပွင့်နေပြီ။



# (ဂ) ဝဆွဲ ဗျည်းတွဲများ သင်ကြားကြစို့လား



ွ



| | | | | | |
|---|---|---|---|---|---|
| ကွ | ကွာ | ကွား | ခွ | ခွာ | ခွား |
| ကွေ | ကွေ့ | ကွေး | ခွေ | ခွေ့ | ခွေး |
| ကွဲ | ကွဲ့ | ကွယ် | တွဲ | တွဲ့ | တွယ် |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ခွေ ခွေ့ ခွေး

သွ သွာ သွား



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆိုရေးကြည့်မယ်။




နွား



ကျေးရွာ



ပွဲ



ပလွေ




အနွေးထည်



အဘွားအို



လည်ဆွဲ




သွား



ငွေကြေး

| | | | |
|---|---|---|---|
| ပွဲတော် | ပုလဲသွယ် | ခွေးကလေး | ခွဲခွာ |
| ရေနွေး | မွေးဖွား | တဖွဲဖွဲ | လူငယ်လူရွယ် |
| | လွယ်လွယ်ကူကူ | ဖြူဖြူဖွေးဖွေး | |



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



ဆရာကန်တော့ပွဲ
အတူတကွ သွားကြမည်။
လူစု မကွဲစေရ။
ခွဲခွဲခြားခြား မပြုရ။
ဖော်ဖော်ရွေရွေ နေကြပါ။


နွေဦးရာသီ
ပလွေသံ သာယာ၏။
နွားများကို ဆွဲလာသည်။
အဝေးသို့ မသွားရ။
နေရာရွေး၍ နားမည်။





မယ်ငွေ၏ သားကလေး
အသား ဖြူဖွေးသည်။
ထွားလည်း ထွား၏။
ယုယုယယ ပွေ့ချီထား၏။
နွေးနွေးထွေးထွေး ထားပါ။

ဤရွာကလေး သာယာသည်။
ဘူးသီး သခွားသီး ပေါ၏။
ရာသီမရွေး မအားကြပါ။
နွားများ မွေးမြူထားသည်။
ပျော်မွေ့စွာ နေကြသည်။






ကွက်လပ်ဖြည့်ကြရအောင်။

| |
|---|
| ပွဲတော်၊ သွား၊ ပွေ့ချီ၊ တဖွဲဖွဲ၊ ပလွေ |

၁။ ရိုးရာ ____ သွားကြမည်။



၂။ ကလေးကို ____ ထားပါ။



၃။ လူများ ____ လာကြသည်။



၄။ ညီညီ ____ ဝယ်လာသည်။



၅။ မိမိ ____ များကို သန့်နေပါစေ။



# (ဃ) ဟထိုး ဗျည်းတွဲများ သင်ကြားကြစို့လား



၂



| | | | | | |
|---|---|---|---|---|---|
| ငှ | ငှာ | ငှား | လှိ | လှီး | |
| မှ | မှာ | မှား | ရှု | ရှူ | ရှူး |
| ရှ | ရှာ | ရှား | လှေ | လှေ့ | လှေး |
| ရှိ | | | မှို | မှို့ | မှိုး |
| မှိ | မှီး | | ရှို | ရှို့ | ရှိုး |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

လှေ လှေ့ လှေး

ငှ ငှာ ငှား




ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆိုရေးကြည့်မယ်။



ရှူဆေး



နှဲ



လှေ



လှည်း



စပါးနှံ




လှံတံ



မှို




လှေကား




သားလှီးဓား

| | | | |
|---|---|---|---|
| မှာကြား | ရောနှော | ဓားရှ | လှေလှော် |
| အလှူပွဲ | နှေးကွေး | အညှာ | လှလှပပ |



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။

အရှေ့ရွာမှာ ဘာရှိသလဲ။
လူစည်ကားလှပါသည်။
ဘုရားပွဲတော် ရှိပါသလား။
လှည်းစီး၍ လာကြသည်။
လှေစီး၍လည်း လာကြသည်။





လူကလေး မှေးနေသည်။
အအေးမိ၍ နှာစေးသည်။
ရှူဆေး ရှိသလား။
နွေးနွေးထွေးထွေး ရှိပါစေ။

စပါး လှေ့နေကြသည်။
အဆာပြေ ပဲလှော် ဝါးပါ။
ရေနွေးကြမ်း ငှဲ့ပေးပါ။
စပါး ပေါ်မှ အလှူပေးမည်။





ပညာကို ရှာမှီးပါ။
အမှားအမှန် ခွဲခြားပါ။
သတိ ရှိရမည်။
သနားညှာတာမှု ရှိကြပါ။




ဟထိုး အသုံးအမှန်ကို မျဉ်းသားကြရအောင်။


၁။ ရေနွေး ( ငှဲ / ငှဲ့ )ပေးပါ။



၂။ ရွာသားများ စပါး ( လှေ့ / လှေ ) နေကြတယ်။



၃။ ပွဲတော်ကို ( လှည်း / လည်း )နဲ့ သွားကြမယ်။




၄။ ပညာကို ရှာ ( မှီး / မီး )ပါ။



၅။ အဘိုး ( နှီး / နှီး ) ဖြာနေတယ်။



## (င) ပိုးကောင်ကလေးတွေ ဘာလုပ်နေသလဲ



လိပ်ပြာကလေး
ဘာလုပ်နေသလဲ။

ပိတုန်းကလေး
ဘာလုပ်နေသလဲ။

ပိတုန်း ကို ဗဒုန်း ဟု
အသံထွက်ပါ။

**ပုံလေးကြည့်ပြီး ပြောကြည့်ကြရအောင်။**

၁။ ပိုးကောင်ကလေးတွေဘာလုပ်နေကြသလဲ။


၂။ ဘယ်ပိုးကောင်ကလေးက သစ်ရွက်ကို စားနေသလဲ။

၃။ တခြား ပိုးကောင်ကလေးတွေရော ဘာတွေ စားကြသလဲ။



# အခန်း ၁၁ ဗျည်းတွဲနဲ့ သရလက္ခဏာ ပေါင်းစပ်တွဲကြမှာ (၂)

## (က) ကြာဆစ်ကြီး (ကဗျာ)



ဆိုကြည့်ကြရအောင်





## ကြာဆစ်ကြိုး

ကြာဖြူကြာနီ ကြာညိုနှောလို့
တို့လယ်တောမှာ ပွင့်ကြတယ်။
ကောက်စိုက်အပြန် ရေကန်ကြီး
ကြာတစ်စည်းလောက် ချိုးခဲ့ကွယ်။
ကြာပွင့်ကြာငုံ ထုံထုံမွှေးကို
မလေးဘယ်သို့ သုံးပါ့မယ်။
ကြာရိုးကြာနွယ် ဘယ်ညာဆစ်လို့
ရွှေကြာဆစ်ကြိုး ဆွဲပါ့မယ်။
ဆွဲပါ့မယ်။

**မင်းသုဝဏ်**

# (ခ) ယပင့်ဝဆွဲ ရရစ်ဝဆွဲ ဗျည်းတွဲများ သင်ကြားကြစို့လား



ျွ ြွ



| | | | | |
|---|---|---|---|---|
| ကျွေး | ကျွဲ | ကြွ | ကြွာ | ကြွား |
| ချွေ | | ကြွေ | ကြွေး | |
| ချွေး | | ခြွေ | ခြွေး | |
| ချွဲ | | မြွေ | | |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

ကျွေး ကျွဲ ကြွေ


ချွေး ချွဲ ခြွေ



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆိုရေးကြည့်မယ်။



ကြွေအိုး



မြွေ



ကျွဲကောသီး



အကျွေးအမွေး




ငိုကြွေး




ကြွယ်ဝ



ကျွဲ




ကျွေး




ကျွမ်းဘား


| | | |
|---|---|---|
| ကြွားဝါ | ငွေအကြွေ | ချွေးကျ |
| ချွဲကျို | ကြွေကရား | ချွေတာရေး |
| ကြွေးကြော် | ချွေးမ | ခြွေလှေ့ |



စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။

ရွာလူကြီးများ ကြွလာပြီ။
ကြွေပန်းကန် ယူခဲ့ပါ။
ကျွဲကောသီး ထည့်ထားပါ။
ကျွေးမွေး ပြုစုပါရစေ။





မြွေသံလား လေသံလား။
မြွေ သတိထားပါ။
မြွေပေါ်ရာ မသွားရ။
ချုံထဲမှာ မြွေခွေနေသည်။

လူကလေး အသီးခြွေချ၏။
အသီးများ ကြွေကျလာပြီ။
ကျွဲနွား မစားစေရ။
လူအများကို ကျွေးပါ။





ကြွေပန်းအိုး ဝယ်လာသည်။
အကြွေး မဝယ်ပါ။
ကြွားကြွားဝါဝါ မနေရ။
ငွေကို ချွေတာပါ။



မှား၊ မှန် ရောထွေး အမှန်ရွေးကြရအောင်။




၁။ ခရေပန်းများ **ကြွေ**ကျနေသည်။ (    )

ခရေပန်းများ **ကျွေ**ကျနေသည်။ (    )



၂။ ငွေကို **ခြွေ**တာပါ။ (    )

ငွေကို **ချွေ**တာပါ။ (    )



၃။ ယာထဲကို **ကျွဲ**နွား မလာစေရ။ (    )

ယာထဲကို **ကြွဲ**နွား မလာစေရ။ (    )



၄။ **မျွေ**ဆေး ယူလာပါ။ (    )

**မြွေ**ဆေး ယူလာပါ။ (    )



၅။ အလှူမှာ **ကျွေး**မွေးနေပြီ။ (    )

အလှူမှာ **ကြွေး**မွေးနေပြီ။ (    )

# (ဂ) ယပင့်ဟထိုး ရရစ်ဟထိုး ဗျည်းတွဲများ သင်ကြားကြစို့လား



ျှ ြှ



| | | | | | |
|---|---|---|---|---|---|
| မျှ | မျှား | | လျှာ | | |
| မျှော | မျှော့ | မျှော် | လျှော | လျှော့ | လျှော် |
| မြှူ | မြှေး | | လျှို | လျှို့ | လျှိုး |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

လျှော လျှော့ လျှော်


မျှော့ မြှူ မြှေး



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆိုရေးကြည့်မယ်။



လျှော



ငါးမျှားတံ



လျှော်စည်း



မီးလျှံ




မျှော



လျှော်



လျှောစီး




လျှာ



ချော့မြှူ

| | | |
|---|---|---|
| ညီမျှ | လျှောကျ | ဖြေလျှော့ |
| လျှော့ဈေး | မျှော်မှန်း | ရေလျှံ |




စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



ရေကန်ထဲမှာ မျှော့ရှိ၏။
ငါးမျှားကြမည်။
ငါးမျှားတံ ယူခဲ့ပါ။
ငါးရက ညီညီမျှမျှ ယူကြမည်။

အရသာကို လျှာက သိသည်။
ဈေးသည် မျှော်နေသည်။
ဈေးလျှော့၍ ပေးမည်လား။
မျှမျှတတ သဘောထားပါ။





လယ်ထဲမှာ ရေလျှံနေပြီ။
လျှော်စည်းများ မျောပါနေကြသည်။
လှေမျှော၍ ဆယ်ယူပါ။
လျှော်ကျမည် သတိထား။

ကလေးကို မြှူနေသည်။
ချော့မြှူသော်လည်း မရပါ။
လျှာမှာ အနာရှိသလား။
အာဟာရ မျှပါစေ။





ကွက်လပ်ဖြည့်ကြည့် ကြရအောင်။

| | | | | |
|---|---|---|---|---|
| လျှော် | ချော့မြှူ | ချီးမြှင့် | မျှမျှတတ | မျှော် |

၁။ ကလေးကို ______ ပါ။



၂။ မေမေ အနှီးများ ______ နေသည်။



၃။ စားစရာကို ______ ခွဲဝေယူပါ။



၄။ ဖေဖေအလာကို ______ နေကြသည်။




၅။ ပထမရသူကို ဆု ______ သည်။




# (ဃ) ကြောင်နဲ့ ကြွက် (ပုံပြင်)




တစ်နေ့မှာ
ကြောင်တစ်ကောင်ဟာ
ကြွက်ကလေး
တစ်ကောင်ကို
ဖမ်းမိသတဲ့။
အဲဒီကြောင်ဟာ
ကြွက်ကလေးကို
မစားသေးဘဲ
ကစားနေတယ်တဲ့။




ကြွက်ကလေးက မောလွန်းလို့
သူ့ကို လွှတ်ပေးဖို့
တောင်းပန်သတဲ့။ ဒါပေမဲ့
ကြောင်ကလေးက
ကစားရတာ
ပျော်စရာကောင်းတယ်လို့
ပြောပြီး ဆက်ကစားနေတယ်။




အဲဒီအချိန်မှာပဲ ခွေးကြီးတစ်ကောင်က ကြောင်ကို လိုက်တဲ့အတွက် ကြောင်လည်း ကြွက်ကလေးကို လွှတ်ပြီး သစ်ပင်ပေါ်ကို တက်ပြေးရသတဲ့။






ကြောင်ကလေးဟာ
တက်ရ ဆင်းရနဲ့
မောလွန်းလို့ သူ့ကို
လွှတ်ပေးဖို့ တောင်းပန်
ရှာတယ်တဲ့။



ဒါပေမဲ့ ခွေးကြီးက ကစားရတာ ပျော်စရာကောင်းတယ်လို့ ပြောပြီး
ဆက်ကစားနေပြန်တယ်။



အဲဒီစကားကို ကြားတဲ့ ကြွက်ကလေးဟာ အားရပါးရ ရယ်မောလိုက်သတဲ့ကွယ်။

## မေးခွန်း

၁။ ကြောင်က ကြွက်ကလေးကို ဖမ်းပြီး ဘာလုပ်သလဲ။

၂။ ခွေးလာတဲ့အခါ ကြောင်က ဘာလုပ်သလဲ။

၃။ ကြောင်ကို ကြည့်ပြီး ခွေးက ဘာပြောလိုက်သလဲ။

၄။ ဘာဖြစ်လို့ ကြွက်ကလေးက ရယ်မောရတာလဲ။



## (င) ဝဆွဲဟထိုး ရရစ်ဝဆွဲဟထိုး ဗျည်းတွဲများ သင်ကြားကြစို့လား



◌ွှ ◌ြွှ



| | | | |
|---|---|---|---|
| လွှ | လွှာ | လွှား | နွှဲ |
| မွှေ | မွှေ့ | မွှေး | ညွှဲ |
| ရွှေ | ရွှေ့ | ရွှေး | လွှဲ |
| | | | မြွှာ |



စာလုံးကလေးတွေ ထောက်ကာရယ် ဖတ်ကြည့် ရေးကြည့်မယ်။

လွှ လွှား လွှဲ

မြွှာ မွှေး ရွှေ



ရုပ်ပုံကလေးတွေ ကြည့်ကာရယ် ရွတ်ဆိုရေးကြည့်မယ်။




လွှ



ချွေးတရွှဲရွှဲ



ရွှေဖလား



အမွှာ



ပျံလွှား



မွှေ




ရွှေ



ပျော်ရွှင်

| | | | |
|---|---|---|---|
| ကျော်လွှား | အသီးနွှာ | နွှဲပျော် | အစာနွှေး |
| လမ်းလွှဲ | အသေးအမွှား | မွှေးကြူ | လွှမ်းမိုး |




စကားလုံးကလေးတွေ စီကာရယ် ရွတ်ဆို ရေးကြည့်မယ်။



လွှသမားများ လွှဆွဲနေကြသည်။
ချွေးများ စိုရွှဲနေသည်။
စားစရာကို နွှေးထားပါ။
အသီးများ နွှာထားပါ။

နွှဲပျော်စရာ တို့တောရွာ
စပါးရွှေဝါ အားထားစရာ
စံပယ်ပန်းများ မွှေးလှ၏။
ပျံလွှားများ ပျံနေကြသည်။





သူ့ကိုယ်မှာ ရေတွေရွှဲနေသည်။
ပဝါ လွှားထားပါ။
မီးမြှန့်မြှန့် မွှေးပါ။
မီးနားသို့ ရွှေ့နေပါ။

ချွေးတရွှဲရွှဲ အားကစားပွဲ
လွှဲဖယ်၍ မနေပါ။
ပြေးလွှားကစားကြသည်။
အားရပါးရ နွှဲပါဦး။





စကားလုံးကလေးတွေ ကြည့်ကာရယ် (✔)မှန် ၊ (✘)မှား ခြစ်ကြမယ်။



၁။ ကိုယ်ပေါ်၌ ပဝါ **လွှမ်းခြုံ** ထားသည်။ (   )

ကိုယ်ပေါ်၌ ပဝါ **လွမ်းခြုံ** ထားသည်။ (   )



၂။ ဘုရားပွဲ၌ **နွဲပျော်** ကြမည်။ (   )

ဘုရားပွဲ၌ **နွှဲပျော်** ကြမည်။ (   )



၃။ မမ **ရွှေ**ဆွဲကြိုး ဆွဲထားသည်။ (   )

မမ **ရွေ**ဆွဲကြိုး ဆွဲထားသည်။ (   )



၄။ စံပယ်ပန်းရနံ့ **မွေးကြိုင်** နေသည်။ (   )

စံပယ်ပန်းရနံ့ **မွှေးကြိုင်** နေသည်။ (   )




၅။ ကိုကိုနှင့် ညီညီသည် **အမွှာ**ညီအစ်ကို ဖြစ်သည်။ (   )

ကိုကိုနှင့် ညီညီသည် **အမြွာ**ညီအစ်ကို ဖြစ်သည်။ (   )

# (စ) စူးစမ်းရှာဖွေ ကြည့်ရှုလေ


ရုပ်ပုံကြည့်ကာ ပြောကြည့်ပါ။



၁။ ပုံထဲမှာပါတဲ့ အကောင်ကလေးတွေရဲ့ အမည်ကို ပြောကြည့်ကြရအောင်။

၂။ သူတို့ ပတ်ဝန်းကျင်မှာရော ဘာတွေတွေ့သလဲ။

၃။ သူတို့ဘာတွေ လုပ်နေကြသလဲ။ ပျော်နေကြသလား။ ဖြေကြည့်ကြရအောင်။



# အခန်း ၁၂ စိတ်ဝင်စားဖွယ် ပုံပြောမယ် ကဗျာကလေးလည်း နားထောင်ကွယ်

## (က) ဆုတောင်း (ကဗျာ)

### ဆုတောင်း

စပါးဝါရွှေ ဝင်းပါစေ
ပန်းတွေ သင်းပါစေ၊
ငှက်ကလေးတွေ မိုးတိမ်ကြား
ပျံနိုင်ကြစေသား။

နေရောင်ခြည်လည်း ဖွေးပါစေ
လေပြည် အေးပါစေ၊
ချစ်မိတ်ဆွေ ပေါင်းဖော်များ
ကျန်းမာကြစေသား။

**ပျဉ်းမနားမောင်နီသင်း**



# (ခ) သင်္ကေတများ ရေးမှတ်ပါ ပေါင်းစုရေးကြမှာ

–၊ –ာ၊ –ား
အ၊ အာ၊ အား
–၊ –ါ၊ –ါး
ခ၊ ခါ၊ ခါး


–ိ၊ –ီ၊ –ီး
အိ၊ အီ၊ အီး
ဣ၊ ဤ

–ု၊ –ူ၊ –ူး
အု၊ အူ၊ အူး
ဥ၊ ဦ၊ ဦး

ေ–၊ ေ–့၊ ေ–း
အေ၊ အေ့၊ အေး
ဧ

–ဲ၊ –ဲ့၊ –ယ်
အဲ၊ အဲ့၊ အယ်
အယ့်

ေ–ာ၊ ေ–ာ့၊ ေ–ာ်
အော၊ အော့၊ အော်
ဩ၊ ဪ



–ံ၊ –ံ့

အံ၊ အံ့

–န်၊ –န့်၊ –န်း

အန်၊ အန့်၊ အန်း

–မ်၊ –မ့်၊ –မ်း

အမ်၊ အမ့်၊ အမ်း

–ို၊ –ို့၊ –ိုး

အို၊ အို့၊ အိုး

–ိုယ်၊ –ိုယ့်

ျွ၊ ြွ

ယပင့်ဝဆွဲ၊ ရရစ်ဝဆွဲ

ျှ၊ ြှ

ယပင့်ဟထိုး

ရရစ်ဟထိုး

ျ၊ ြ

ယပင့်၊ ရရစ်

ွ၊ ှ

ဝဆွဲ၊ ဟထိုး

ွှ၊

ဝဆွဲဟထိုး၊

ျွှ၊ ြွှ

ယပင့်ဝဆွဲဟထိုး၊

ရရစ်ဝဆွဲဟထိုး



# (ဂ) မင်္ဂလာ (ကဗျာ)

**မင်္ဂလာ**

လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့
မမှီဝဲနဲ့ ကင်းအောင်နေ။
ပညာရှိကို အရှည်တွဲလို့
မှီဝဲဆည်းကပ် နည်းယူစေ။
သုံးပါးရတနာ မိဘများနဲ့
ဆရာသမားကို ပူဇော်လေ။
ချမ်းသာကိုပေး ဆက်ဆံရေး
မျှော်တွေးသုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ
ကမ္ဘာ့မင်္ဂလာတွေ။

**ဒဂုန် ဦးထွန်းမြင့်**



# (ဃ) ယုန်ကလေးရဲ့ ညဏ်စွမ်း (ပုံပြင်)

ရှေးရှေးတုန်းက တောအုပ်ကြီးတစ်ခုမှာ ယုန် ဝက်ဝံနဲ့ ဆင်ကလေးတို့ဟာ အတူတကွ ပျော်ပျော်ရွှင်ရွှင် နေထိုင်သွားလာကြသတဲ့ တစ်နေ့မှာတော့ ပျော်ပျော်ရွှင်ရွှင် ကစားနေတုန်း ဂူကြီးတစ်ဂူကိုတွေ့လို့ ဝင်သွားကြတယ်တဲ့ အဲဒီဂူကြီးထဲမှာ အရိုးတွေ အသားစတွေနဲ့ အမွေးအမျှင်တွေကို တွေ့ကြရတယ်...တဲ့




အဲဒီအခါမှာ ဝက်ဝံကလေးက " ဒီဂူကြီးထဲမှာ အကောင်အကြီးကြီး နေတာဖြစ်မယ်"လို့ ပြောသတဲ့
ဆင်ကလေး ကတော့ "သန်မာတဲ့ အကောင်ကြီးနေတာ ဖြစ်မယ်"လို့ ပြောပြန်သတဲ့
ယုန်ကလေးကတော့ စဉ်းစားပြီးမှ "ဒီဂူကြီးထဲမှာ ခြင်္သေ့ကြီး နေတာ ဖြစ်ရမယ်"လို့ ပြောလိုက် သတဲ့...ကွယ်






ခြင်္သေ့ = ခြင် + သေ့



စဉ်းစား



ဟိန်းဟောက်

နောက်တော့ ရဲရဲဝံ့ဝံ့နဲ့ "အရှင်ခြသေ့်မင်းခင်ဗျာ...
အရှင်နေတဲ့ ဂူမှန်းမသိလို့ ဝင်မိတာပါ
ဒီတစ်ကြိမ်တော့ ခွင့်လွှတ်ပေးပါ"လို့
တောင်းပန်လိုက်တယ်တဲ့




အဲဒီအခါ ခြသေ့်ကြီးဟာ စိတ်ဆိုးနေရာက
စိတ်ကျေနပ်သွားပါရောတဲ့ကွယ်





ကျေနပ်

အရွယ်ငယ်ပေမဲ့ ရဲရဲဝံ့ဝံ့နဲ့ ချိုချို သာသာ
ပြောလိုက်တဲ့ ယုန်ကလေးကို တောဘုရင်
ခြင်္သေ့ကြီးဟာ သဘောကျပြီး အားလုံးကို
ပြန်လွှတ်ပေးလိုက်သတဲ့ကွယ်
ဒါကြောင့် သူတို့အားလုံးဟာ
ပျော်ပျော်ရွှင်ရွှင် ပြန်လာနိုင်ကြသတဲ့



အဲဒီနောက်မှာတော့ ဝက်ဝံနဲ့ ဆင်ကလေးတို့က ယုန်ကလေးကို "ဒီဂူကြီးထဲမှာ ခြင်္သေ့ကြီးနေတာ မင်းဘယ်လိုသိတာလဲ" လို့ မေးကြလေသတဲ့ကွယ်



## မေးခွန်း

၁။ တောအုပ်ကြီးထဲ ဘယ်သူတွေ အတူတကွ နေထိုင်ကြတာလဲ။

၂။ ဂူကြီးထဲမှာ ဘာတွေတွေ့ကြသလဲ။

၃။ ဝက်ဝံကလေးက ဘယ်လိုပြောသလဲ။

၄။ ဆင်ကလေးက ဘယ်လိုပြောသလဲ။

၅။ ယုန်ကလေးကရော ဘယ်လိုပြောသလဲ။


၆။ စိတ်ဆိုးနေတဲ့ ခြင်္သေ့ကြီးကို ယုန်ကလေးက ဘယ်လို ရဲရဲဝံ့ဝံ့ ပြောသလဲ။

၇။ ခြင်္သေ့ကြီးက သူတို့အားလုံးကို ဘာကြောင့် ပြန်လွှတ်ပေးလိုက်တာလဲ။

ကဲ ကလေးတို့ရေ ယုန်ကလေး ဘာကြောင့် သိတာလဲ စဉ်းစားပြီး ဖြေကြည့်ကြရအောင်



## (င) နိုင်ငံတော်သီချင်း ဆိုစို့လေး . . .



# နိုင်ငံတော်သီချင်း

တရားမျှတ လွတ်လပ်ခြင်းနဲ့ မသွေ
တို့ပြည် တို့မြေ။
များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့
ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ ပြည်
တို့ပြည် တို့မြေ။
ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ
အဓိဋ္ဌာန်ပြုပေ ထိန်းသိမ်းစို့လေ။
(ကမ္ဘာမကျေ မြန်မာပြည်
တို့ ဘိုးဘွား အမွေစစ်မို့
ချစ်မြတ်နိုးပေ။)၂
ပြည်ထောင်စုကို အသက်ပေးလို့
တို့ ကာကွယ်မလေ။
ဒါတို့ပြည် ဒါတို့မြေ တို့ပိုင်နက်မြေ။
တို့ပြည် တို့မြေ အကျိုးကို
ညီညာစွာ တို့တစ်တွေ
ထမ်းဆောင်ပါစို့လေ
တို့တာဝန်ပေ အဖိုးတန်မြေ။ ။

ပြည် ကို ပြေ ဟု အသံထွက်ပါ။
တို့ကို ဒို့ ဟု အသံထွက်ပါ။

# ဝေါဟာရများ

| | | | | |
|---|---|---|---|---|
| **က** | ကံ့ကော်ပန်း | ကျေးဇူး | ကွေး | ခါး |
| ကစား | ကို | ကျေးရွာ | ကွဲ | ခါးကော့ |
| ကစားစရာ | ကိုး | ကျဲ | ကွဲ့ | ခု |
| ကနဖော့ | ကန် | ကျော | ကွယ် | ခူ |
| ကလေး | ကန်တော့ | ကျော့ | ကျွေးမွေး | ခူး |
| ကာ | ကန့် | ကျော် | ကျွဲ | ခဲ |
| ကား | ကန်း | ကျော်လွှား | ကျွဲကောသီး | ခဲတံ |
| ကု | ကမ်း | ကျန်းမာဝဖြိုး | ကျွမ်းဘား | ခဲ့ |
| ကုလားပဲ | ကယ် | ကျယ် | ကြွားဝါ | ခေါ |
| ကူညီ | ကိုယ်ကာယ | ကြာဖူး | ကြွေကရား | ခေါ် |
| ကူး | ကိုယ့် | ကြံစည် | ကြွေအိုး | ခို |
| ကဲ | ကျား | ကြံပင် | ကြွေးကြော် | ခိုး |
| ကဲ့ | ကျီ | ကြံသကာ | ကြွယ်ဝ | ခန့် |
| ကော | ကျီစားသန် | ကြိုးကြာ | **ခ** | ခန်း |
| ကော့ | ကျီးကန်း | ကြယ် | ခဏ | ခမ်း |
| ကော် | ကျူ | ကွ | ခရီး | ချီးကျူး |
| ကော်ဇော | ကျူး | ကွာ | ခရေ | ချီးမြှင့် |
| ကော်ဖီ | ကျေ | ကွေ | ခရမ်းသီး | ချော့မြူ |
| ကော်ဘူး | ကျေး | ကွေ့ | ခါ | ချို |

| | | | | |
|---|---|---|---|---|
| ချို | ခြွေလှေ့ | ငှ | စီး | ဆား |
| ခြေရာ | **ဂ** | ငှား | စု | ဆီ |
| ခြံ | ဂီတာ | ငှဲ့ | စုဘူး | ဆီမီး |
| ခြုံ | ဂူ | **စ** | စူ | ဆီးယို |
| ခွ | ဂေါ်ပြား | စကား | စူး | ဆီးသီး |
| ခွာ | **င** | စကားထာ | စေ | ဆု |
| ခွေ | ငါ | စကားဝဲ | စေ့ | ဆုယူ |
| ခွေ့ | ငါး | စပါး | စေး | ဆူး |
| ခွေး | ငါးကြီးဆီ | စပါးကျီ | စောစော | ဆေး |
| ခွေးကလေး | ငါးမန်း | စပါးနယ် | စံပယ်ပန်း | ဆေးဆရာ |
| ခွဲခွာ | ငါးမျှားတံ | စပါးနှံ | စို | ဆေးတံ |
| ခွဲခွဲခြားခြား | ငုဝါ | စပါးပေါ် | စို့ | ဆော့ကစား |
| ခွဲဝေ | ငေး | စရာ | စိုး | ဆော်သြ |
| ချွေတာ | ငဲ့ | စာ | စည်ကား | ဆယ် |
| ချွေတာရေး | ငုံ့ | စာကူး | စည်းကမ်း | ဆယ်ယူ |
| ချွေး | ငိုကြွေး | စာပို့ | **ဆ** | ဆွဲကြိုး |
| ချွေးမ | ငန်း | စာဥ | ဆရာ | **ဇ** |
| ချွဲ | ငယ် | စား | ဆရာတော် | ဇာနည် |
| ချွဲကျို | ငွေကြေး | စားတော်ပဲ | ဆရာမ | ဇော |
| ခြွေ | ငွေအကြွေ | စီတန်း | ဆာ | ဇော် |

ဖော်က

**ဈ**

ဈေး

ဈေးလျှော့

**ဉ**

ညအခါ

ညီ

ညီညီစီ

ညီညီညာညာ

ညီမ

ညီမျှ

ညီလေး

ညီး

ညံ

ညံ့

ညာတာ

**တ**

တဖွဲဖွဲ

တမာ

တယော

တရားနာ

တရားဟော

တိ

တီ

တီတာတာ

တီး

တု

တူ

တူတူရေဝါး

တူရိယာ

တူး

တေ

တေ့

တေး

တေးသံ

တဲကလေး

တော

တောလမ်း

တော့

တော်

တို

တို့

တိုး

တွဲ

တွဲ့

တွယ်

**ထ**

ထ

ထမနဲ

ထား

ထိ

ထိမိ

ထီ

ထီး

ထု

ထူ

ထူး

ထို

ထိုး

ထန်းသီး

ထွား

**ဒ**

ဒရယ်

ဒါ

ဒေါ

ဒေါသ

ဒေါ်ဒေါ်

**ဓ**

ဓားရှ

**န**

နဂါး

နာ

နာရီ

နား

နိ

နီး

နုနယ်

နေ

နေကျဲကျဲပူ

နေရာ

နေရာရွေး

နေ့

နေ့အခါ

နဲ

နဲ့

နံ့သာ

နို့စို့ကလေး

နို့ဆီဘူး

နန့်

နန်း

နယ်

နွား

နွေဦး

နွေးထွေး

နှာစေး

နှီးဖြာ

နှေးကွေး

နှဲ

နွှဲ

နွှဲပျော်

**ပ**
ပညာ
ပထမ
ပလွေ
ပဝါ
ပါ
ပါး
ပိ
ပီ
ပီပီသသ
ပု
ပုဆိုး
ပုလဲသွယ်
ပူ
ပူဇော်
ပူး
ပေ
ပေး
ပေးစာ
ပဲ
ပဲလှော်
ပဲ့
ပေါ
ပေါ့
ပေါ့ပေါ့ပါးပါး
ပေါ်
ပန်
ပန်ကာ
ပန်း
ပန်းကန်
ပန်းပန်
ပယ်
ပျား
ပျားရည်
ပျော်ပျော်နေ
ပျော်မွေ့
ပျော်ရွှင်
ပျံလွှား
ပျံသန်း
ပြ
ပြာ
ပြား
ပြီ
ပြီး
ပြီးစီး
ပြု
ပြူ
ပြူး
ပြေ
ပြေး
ပြေးလွှား
ပြဲ
ပြော
ပြယ်
ပွေ့ချီ
ပွဲ
ပွဲတော်

**ဖ**
ဖရဲသီး
ဖလား
ဖား
ဖားစည်
ဖေဖေ
ဖေးမ
ဖဲစ
ဖော
ဖော့
ဖော့ဘူး
ဖော်
ဖော်ဖော်ရွေရွေ
ဖို
ဖို့
ဖိုး
ဖမ်း
ဖျာ
ဖျံ
ဖြူဖြူဖွေးဖွေး
ဖြေကြား
ဖြေလျှော့

**ဗ**
ဗလ

**ဘ**
ဘဘ
ဘဘထ
ဘုရားဖူး
ဘူးသီး
ဘဲကလေး
ဘော
ဘောလုံး
ဘော်
ဘိုးဘိုး
ဘယ်
ဘွားဘွား

**မ**
မမ
မလား
မိ
မိဘ
မိသားစု

မီ
မီး
မီးနီ
မီးပူ
မီးဖို
မီးရထား
မီးလျှံ
မုဆိုး
မူ
မူး
မေမေ
မေ့
မေး
မေးဖန်များ
မဲ
မဲ့
မော
မောပန်း
မော့
မော်

မော်တော်ကား
မို
မို့
မိုး
မိုးခို
မိုးယို
မည့်
မည်း
မြား
မြေပဲ
မြေဖြူ
မြို့တော်
မြန်မြန်
မွေးဖွား
မွေးမြူ
မှ
မှာ
မှာကြား
မှား
မှီ

မှိုး
မှေး
မှို
မှို့
မြွေ
မြွေခွေ
မြွေဆေး
မျှ
မျှမျှတတ
မျှား
မျှော
မျှော့
မျှော်
မျှော်မှန်း
မြှူ
မြှေး
မွှေ
မွှေ့
မွှေး
မွှေးကြူ

မြွာ

**ယ**

ယနေ့
ယာ
ယုယုယယ

**ရ**

ရာသီဥတု
ရေ
ရေကူး
ရေကန်
ရေခဲ
ရေနံ
ရေနွေးကြမ်း
ရေဘဝဲ
ရေဘူး
ရေလျှံ
ရေး
ရဲ
ရဲဘော်
ရဲသား

ရဲ့
ရော
ရောနှော
ရိုသေ
ရိုးရာ
ရိုးရိုးသားသား
ရယ်
ရွာလူကြီး
ရွာသား
ရှ်
ရှ
ရှာ
ရှား
ရှိ
ရှု
ရှူ
ရှူဆေး
ရှူး
ရှို့
ရှေ့

ရွေ့

**လ**

လ သာသာ
လာ
လား
လု
လူ
လူကလေး
လူငယ်
လူစု
လူတော်
လူရွယ်
လူး
လေ
လေ့
လေး
လေးစား
လဲ
လဲ့
လည်ဆွဲ
လန့်
လမ်း
လမ်းလွှဲ
လယ်
လယ်တဲ
လယ်ယာ
လယ်သမား
လွယ်ကူ
လှုလှုပပ
လှေ
လှေကား
လှေလှော်
လှေ့
လှဲ
လှံတံ
လှည်း
လျှာ
လျှော
လျှောကျ
လျှောစီး
လျှော့ဈေး
လျှော်
လျှော်စည်း
လျှို
လျှို့
လျှိုး
လွှ
လွှသမား
လွှာ
လွှား
လွှဲ
လွှဲဖယ်
လွှမ်းခြုံ
လွှမ်းမိုး

**ဝ**

ဝါဝါ
ဝါး
ဝါးထရံ
ဝေ
ဝေ့
ဝေး
ဝဲ
ဝှဲ
ဝယ်

**သ**

သခွားသီး
သတိ
သတိရ
သနား
သမီး
သလား
သာစုခေါ်
သာယာ
သား
သားလှီးစား
သဲ
သော့
သို
သို့
သိုး
သည်
သည့်
သည်း
သန်မာ
သယ်
သွား

**အ**

အက
အကြွေး
အခန်း
အခမ်းအနား
အစာကြေ
အစာရွေး
အစားအစာ
အဆာပြေ
အဆီ
အညာ

| | | | |
|---|---|---|---|
| အတူတကွ | အလံတော် | ဣ | အို |
| အတူတူ | အလယ် | အီ | အိုး |
| အတန်း | အလှူပွဲ | ဤ | အိုးစည် |
| အနားယူ | အဝ | ဥ | ဧည့် |
| အနီအဝါ | အသား | ဥသြ | အန့် |
| အနီးအနား | အသီး | အူ | |
| အနွေးထည် | အသေးအမွှား | ဦ | |
| အဖော်ရ | အသံ | ဦး | |
| အဖျားရောဂါ | အအေးမိ | ဦးလေး | |
| အဘ | အာ | ဧ | |
| အဘွားအို | အာလူး | ဧရာဝတီ | |
| အမူအရာ | အာဟာရ | အေး | |
| အမဲသား | အား | အဲ | |
| အမှားအမှန် | အားကစား | ဩ | |
| အမြွာ | အားကိုး | ဩဇာသီး | |
| အရသာ | အားငယ် | အော့ | |
| အရီး | အားထား | အော် | |
| အရိုး | အားပေး | ဪ | |
| အရှေ့ | အားရပါးရ | အံ | |
| အလကား | အိ | အုံ | |

CREATE

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်
ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ နည်းပညာကူညီပံ့ပိုးမှုပေးပါသည်။

JICA